
ဘာသာပြန် စာရေးဆရာ - Shanhtet
ငါက အရုရုသတ်ယားရင်း
အသန်မာဆုံးဖြစ်လာခဲ့တယ်
စာစဉ် – ၁၀၃
ဇာတ်သိမ်းပိုင်း

# အခန်း (၁၄၉၇)

## လောကီစိတ်နှလုံးကို ပျိုးထောင်ခြင်း (၄၂)

*

"ဖေဖေ... ဒါက သမီးတို့ရဲ့အိမ်ဟောင်းလား"

ဝမ်အိမ်တော်ဟောင်း၏ ရှေ့မှောက်၌ ရပ်တန့်နေရင်း ဝမ်ကျန်းကျန်းမှာ စိတ်ထဲတွင် တစ်ခုခု လိုအပ်နေသကဲ့သို့ ခံစားနေရရှာ၏။

၎င်းမှာ ချင်းအန်းခရိုင်မှ အသက်သုံးနှစ်အရွယ်ကတည်းက ထွက်ခွာသွားခဲ့ခြင်း ဖြစ်ရာ ဆယ်စုနှစ်တစ်ခုကြာမှ ပထမဆုံးအကြိမ် ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သဖြင့် ငယ်ဘဝအမှတ်သညာဟူသည်မှာလည်း အလွန်ပင်နည်းပါးလှချေပြီ။

သို့သော်ငြားလည်း အိမ်တော်ဝင်ပေါက်ရှိ ဝင်းအတွင်း၌ မိုးထိမတတ်မြင့်မားသော သစ်ပင်ကြီးတစ်ပင် ရှိခဲ့သည်ကိုမူ ဝမ်ကျန်းကျန်း တစ်ဦးတည်း ကောင်းစွာ မှတ်မိနေသေး၏။

နွေရာသီရောက်တိုင်း ထိုသစ်ပင်ကြီး၏ ထူထပ်လှသော သစ်ကိုင်းသစ်ခက်များမှာ ပူပြင်းလှသော နေရောင်ခြည်ဒဏ်မှ ကာကွယ်ပေးခဲ့ပြီး ၎င်းအောက်တွင် ဒိုင်ခံစီးခဲ့ရသည့် အမှတ်တရများမှာလည်း မေ့မရနိုင်သော ပျော်ရွှင်မှုများပင် ဖြစ်တော့သည်။

ယခုမူ ဝမ်အိမ်တော်မှာ လက်ပြောင်းသွားခဲ့ပြီ ဖြစ်သကဲ့သို့ ထိုသစ်ပင်ကြီးကိုလည်း မတွေ့ရတော့ပေ။

အိမ်ရှေ့တံခါးတိုင်တွင် ချိတ်ဆွဲထားသော "ကျန်းအိမ်တော်" ဟူသည့် ကမ္ပည်းဆိုင်းဘုတ်ကို ကြည့်ရှုရင်း ထိုမိန်းကလေးငယ်မှာ စိတ်ထဲ၌ ဟာတာတာနှင့် ဆုံးရှုံးမှုတစ်ရပ်ကို ခံစားနေရရှာသည်။

"ဟုတ်တယ် သမီး"

ဝမ်ချန်က သမီးဖြစ်သူ၏ ဆံပင်များကို အသာအယာ ပွတ်သပ်ပေးရင်း "ဆယ်နှစ်ဆိုတဲ့ အချိန်အတောအတွင်းမှာ အရာရာက ပြောင်းလဲသွားခဲ့ပြီ ပေါ့" ဟု ဆိုလေသည်။

"မင်းတို့က ဘယ်သူတွေလဲ"

ထိုစဉ် အိမ်စောင့်တစ်ဦးမှာ ရန်လိုသော အမူအရာဖြင့် ထွက်လာပြီး ၎င်းတို့အား မောင်းထုတ်လေတော့သည်။

"တံခါးဝမှာ ပိတ်မနေနဲ့၊ ငါတို့သခင်က ဘယ်သူဆိုတာ မင်းတို့မသိဘူးလား..."

သို့သော် နောက်တစ်ခဏ၌ ဝမ်ချန်၏ အကြည့်နှင့် ဆုံမိသွားသောအခါ ထိုသူမှာ ရေခဲလှိုဏ်ဂူအတွင်းသို့ ကျရောက်သွားသကဲ့သို့ ခံစားလိုက်ရပြီး ခြေဖျားမှသည် ဦးခေါင်းအထိ စိမ့်တက်သွားကာ ကျောက်ရုပ်ပမာ မလှုပ်မယှက် ရပ်တန့်သွားတော့သည်။

"သွားကြစို့"

ဝမ်ချန်က "ဒီမှာ ဆက်ပြီး တွယ်တာနေစရာ ဘာမှမရှိတော့ဘူး" ဟု ဆိုကာ ထွက်ခွာခဲ့လေသည်။

ယခုအခါ ချင်းအန်းခရိုင်မြို့လေးမှာ လွန်ခဲ့သော ဆယ်နှစ်ခန့်ကနှင့် မနှိုင်းယှဉ်သာအောင်ပင် ဟောင်းနွမ်း၍ ဆိတ်သုဉ်းနေချေပြီ။

ဝမ်ချန် ထွက်ခွာသွားပြီးနောက်ပိုင်း နှစ်များတွင် ဆူပူသောင်းကျန်းမှုများ

ဖြစ်ပွားခဲ့ရာ လူသေဆုံးမှုများစွာ ရှိခဲ့ပြီး အချိန်အတန်ကြာမှသာ ပြန်လည်တည်ငြိမ်လာခြင်း ဖြစ်သည်ဟု ဆိုကြကုန်၏။

၎င်းသည် သမီးဖြစ်သူနှင့်အတူ မြောက်ဘက်သို့ ဆက်လက်ခရီးဆက်ခဲ့ရာ လမ်းတစ်လျှောက်တွင် မြို့ရွာများစွာကို ဖြတ်ကျော်ခဲ့ပြီး လူအမျိုးမျိုးနှင့် ဆုံတွေ့ခဲ့လေသည်။

ဤရှည်လျားလှသော ခရီးစဉ်မှာ ဝမ်ကျန်းကျန်းအတွက် အစပိုင်းတွင် ထူးဆန်းအံ့သြဖွယ် ကောင်းနေသော်လည်း တဖြည်းဖြည်းနှင့် ငြီးငွေ့စရာဖြစ်လာခဲ့၏။

ယင်းကပင် ဝမ်ချန်က သမီးဖြစ်သူအား တွေ့ကြုံခံစားစေလိုသော အရာပင် ဖြစ်ချေသည်။ စာအုပ်ပေါင်း ထောင်သောင်းကို ဖတ်ရှုခြင်းထက် ခရီးမိုင်ပေါင်း ထောင်သောင်းကို လှည့်လည်ခြင်းက ပို၍ ထိရောက်သည်ဟု ဆိုရပေမည်။

လောကဓံနှင့် စစ်တုရင်ခုံသဖွယ် ရှုပ်ထွေးလှသော ဇာတ်ခုံပေါ်မှ ဘဝသင်ခန်းစာများကို အိမ်တွင်း၌ အောင်းနေသူများမှာ သိရှိနိုင်ရန် ခဲယဉ်းလှသကဲ့သို့ အခြားသူများကလည်း သင်ကြားပေးနိုင်ရန် ခက်ခဲလှပေသည်။

ကိုယ်တိုင်တွေ့ကြုံမှသာလျှင် စိတ်ထဲ၌ စွဲမြဲနေမည်ဖြစ်ပြီး ဘဝ၏အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်လာပေလိမ့်မည်။

တစ်နေ့သော် ၎င်းတို့နှစ်ဦး ခရီးဆက်နေစဉ် ရုတ်တရက် မိုးတိမ်များမှောင်အတိကျလာပြီး လေပြင်းများ တိုက်ခတ်လာလေသည်။

ဝမ်ချန်က ကောင်းကင်ယံကို ကြည့်ကာ "မိုးကြီးတော့မယ် ထင်တယ်၊ နားခိုဖို့ နေရာတစ်ခု ရှာကြစို့" ဟု တည်ကြည်စွာ ဆိုလိုက်၏။

"ဟုတ်ကဲ့ ဖေဖေ"

ဝမ်ကျန်းကျန်းက ခေါင်းညိတ်ပြကာ မြင်းကို နှင်တံဖြင့် ရိုက်နှက်၍ ရှေ့သို့ အမြန်နှင်သွားလေသည်။ မကြာမီမှာပင် ၎င်းက "ဖေဖေ… ဟိုရှေ့မှာ တည်းခိုခန်းတစ်ခု တွေ့ပြီ" ဟု လှမ်းအော်ပြောလေတော့သည်။

လူသူကင်းမဲ့သော လွင်ပြင်ကျယ်ကြီးထဲ၌ ဝမ်ကျန်းကျန်း တွေ့ရှိခဲ့သော လမ်းဘေးတည်းခိုခန်းမှာ အတန်ငယ် ကြီးမားပုံရပြီး အနီးအနား၌ မြင်း၊ နွားနှင့် သိုးအုပ်များ ဝန်းရံထားသော ရထားလုံး အများအပြား ရှိနေသည်ကို တွေ့ရသည်။

"ထုံဖူ တည်းခိုခန်း"

ဝမ်ချန်က "ဒါဆို ရပြီ" ဟု ခေါင်းညိတ်လိုက်၏။ ကောင်းကင်ယံမှာ မှောင်အတိကျလာပြီး မိုးသက်မုန်တိုင်းမှာလည်း နီးကပ်နေချေပြီ။

မိုင်ပေါင်းများစွာ ပတ်ဝန်းကျင်အတွင်း ဤတည်းခိုခန်းတစ်ခုတည်းသာ ရှိနိုင်ရာ အခန်းလွတ်ရှိမရှိမှာမူ မသေချာသေးပေ။

"တည်းမှာလား ဒါမှမဟုတ် စားသောက်ရုံပဲလား "

ဝမ်ချန်နှင့် ဝမ်ကျန်းကျန်းတို့ တည်းခိုခန်းရှေ့သို့ ရောက်ရှိလာစဉ် အလုပ်သမားလေးတစ်ဦးက အရိုအသေပေးကာ လာရောက်နှုတ်ဆက်လေသည်။

ဝမ်ချန်က မြင်းပေါ်မှ ဆင်းကာ ဇက်ကြိုးကို အလုပ်သမားလေးထံ ပစ်ပေးရင်း "တည်းလည်းတည်းမယ်၊ စားလည်းစားမယ်၊ အထက်တန်းအခန်းလွတ် ရှိသေးလား" ဟု မေးမြန်းလိုက်၏။

အလုပ်သမားလေးမှာ ဇက်ကြိုးကို ကျွမ်းကျင်စွာ ဖမ်းယူလိုက်ပြီး "ရှိပါတယ် ခင်ဗျာ၊ အတွင်းထဲကို ကြွပါ" ဟု ပြုံးလျက် ဖိတ်ခေါ်လေသည်။

ဝမ်ကျန်းကျန်းကလည်း သူမ၏ မြင်းဇက်ကြိုးကို အလုပ်သမားလေးထံ

ပေးအပ်ရင်း "သေချာ ဂရုစိုက်ပေးနော်၊ အကောင်းဆုံး မြင်းစားဂျုံတွေ ကျွေးပေးပါ" ဟု မှာကြားလိုက်၏။

ငင်းသို့ ပြောဆိုပြီးနောက် ငွေစတစ်စကို "ဒါက မင်းအတွက် ဆုလာဘ်" ဟု ဆိုကာ ပစ်ပေးလိုက်လေသည်။

အလုပ်သမားလေးမှာ ချက်ချင်းပင် ဝမ်းသာအားရ ဖြစ်သွားပြီး "စိတ်ချပါ သခင်မလေး၊ သေချာ ဂရုစိုက်ပေးပါ့မယ်" ဟု ပြုံးရွှင်စွာ ကတိပေးလေတော့သည်။

ဝမ်ကျန်းကျန်းမှာ ငယ်ရွယ်သော်လည်း လောကအတွေ့အကြုံရှိသော သူရဲကောင်းတစ်ဦး၏ အငွေ့အသက်များ ရှိနေသဖြင့် အလုပ်သမားလေးမှာ မပေါ့ဆရဲပေ။

ဝမ်ချန်နှင့် ဝမ်ကျန်းကျန်းတို့ ထုံဖူတည်းခိုခန်း၏ ဧည့်ခန်းမထဲသို့ ဝင်ရောက်သွားစဉ် ပြင်ပ၌ ထစ်ချုန်းသော မိုးကြိုးသံကြီး ထွက်ပေါ်လာပြီးနောက် ပဲစေ့ခန့်ရှိသော မိုးစက်များမှာ အမိုးအကာများပေါ်သို့ တဖြောင်းဖြောင်း ကျဆင်းလာလေတော့သည်။

တည်းခိုခန်း၏ ဧည့်ခန်းမအတွင်း၌ စားပွဲပေါင်း ဆယ်လုံးကျော်ခန့် ရှိနေပြီး အများစုမှာ လောကအနှံ့ လှည့်လည်သူများနှင့် ကုန်သည်များဖြင့် စည်ကားနေချေသည်။

ငင်းတို့ ရောက်ရှိလာခြင်းက လူအများ၏ အာရုံကို ချက်ချင်းပင် ဆွဲဆောင်သွားခဲ့၏။

အထူးသဖြင့် ဝမ်ကျန်းကျန်းမှာ လူအများ၏ အကြည့်ကို ပိုမိုရရှိခဲ့သည်။

သူမမှာ အလွန်အမင်း လှပလွန်းသူ မဟုတ်သော်လည်း အရပ်အမောင်း မြင့်မားကာ ဖြူစင်ကျန်းမာသော ကိုယ်ဟန်ရှိခြင်း၊ သူရဲကောင်းတစ်ဦး၏

တက်ကြွသော အငွေ့အသက်များ ရှိနေခြင်းတို့ကြောင့် လူအများ၏ အာရုံစိုက်ခြင်းကို ခံရခြင်း ဖြစ်ပေသည်။

အချို့သော အကြည့်များမှာ ရိုင်းပျလှသဖြင့် ထိုအရာကို သတိပြုမိသော မိန်းကလေးငယ်မှာ မကျေမနပ် ဖြစ်ကာ နှာခေါင်းကို ရှုံ့လိုက်လေသည်။

သို့သော် ထိုအမူအရာကပင် သူမအား ပိုမို၍ ချစ်စဖွယ် ကောင်းစေပြန်၏။

ဝမ်ချန်ကမူ ထိုသို့သော အကြည့်များကို လျစ်လျူရှုကာ အားလပ်နေသော စားပွဲတစ်ခုတွင် နေရာယူလိုက်ပြီး အလုပ်သမားအား ခေါ်ယူကာ "အထက်တန်း အခန်းနှစ်ခန်း ပေးပါ၊ ပြီးတော့ အကောင်းဆုံး ဟင်းလျာတွေနဲ့ အရက်ကိုလည်း ယူလာခဲ့ပါ" ဟု မှာကြားလိုက်လေသည်။

လက်ဖျော့ယမ်းလိုက်သည်နှင့် စားပွဲပေါ်တွင် ငါးကျပ်သားခန့်ရှိသော ငွေစတစ်စမှာ အလိုအလျောက် ပေါ်လာတော့သည်။

တာ့ချန်းနိုင်ငံ၏ အခြေအနေမှာ တဖြည်းဖြည်း တည်ငြိမ်လာပြီ ဖြစ်ရာ ငွေစများ၏ တန်ဖိုးမှာလည်း ယခင်ကဲ့သို့ ပြန်လည်ကောင်းမွန်လာချေပြီ။

ဤငွေစမှာ သာမန်မိသားစုတစ်ခု၏ တစ်နှစ်ခွဲစာ စားဝတ်နေရေးအတွက် လုံလောက်သော ပမာဏပင် ဖြစ်တော့သည်။

ထိုအခါ ဝမ်ချန်အား ခိုးကြည့်သူများမှာလည်း တမဟုတ်ချင်း တိုးပွားလာလေသည်။

ရက်ရောသော ဧည့်သည်များကို နေရာတိုင်းတွင် ကြိုဆိုကြစမြဲ ဖြစ်ရာ အလုပ်သမားလေး၏ အပြုံးမှာလည်း ပိုမို၍ ပွင့်လင်းလာပြီး "ခဏလောက် စောင့်ပေးပါဦး " ဟု ဆိုကာ ထွက်သွားလေသည်။

မကြာမီမှာပင် ဆီဖြင့် ပြုလုပ်ထားသော သိုးသားဟင်း၊ အမဲသားနှပ်နှင့်

ငါးကင်များမှာ တစ်ပွဲပြီးတစ်ပွဲ ရောက်ရှိလာတော့သည်။

ဝမ်ချန်က မြည်းစမ်းကြည့်ရာ ဟင်းလျာများ၏ အရသာမှာ အံ့ဩဖွယ်ကောင်းလောက်အောင် ကောင်းမွန်နေသည်ကို တွေ့ရ၏။

အထူးသဖြင့် လတ်ဆတ်၍ မွှေးကြိုင်လှသော သိုးသားဟင်းမှာ စားသုံးရသူအား အလွန်ပင် ကျေနပ်အားရစေပေသည်။

အရက်ကိုမူ တည်းခိုခန်းပိုင်ရှင်၏ ဇနီးဖြစ်သူက ကိုယ်တိုင်ကိုယ်ကျ လာရောက်ပို့ဆောင်ပေးခြင်း ဖြစ်၏။

ဤဆွဲဆောင်မှုရှိသော တည်းခိုခန်းကတော်မှာ ပြုံးရွှင်စွာဖြင့် "ဒါကသမီးပျိုနီ အရက်ပါ၊ အထူးဧည့်သည်တော်တွေအတွက်ပဲ သီးသန့်ထားတာပါ၊ ကြိုက်နှစ်သက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ဆိုလေသည်။

ပြောပြောဆိုဆိုဖြင့် သူမက ဝမ်ချန်၏ အရက်ခွက်အတွင်းသို့ ပြည့်လျှံသွားအောင် ငှဲ့ပေးလိုက်၏။ ဝမ်ချန်က အရက်ခွက်ကို မကာ တစ်ကျိုက်တည်းဖြင့် သောက်ချလိုက်ပြီးနောက် နှုတ်ခမ်းကို သပ်ကာ "ကောင်းတယ်" ဟု ချီးကျူးလိုက်လေသည်။

ဤအရက်မှာ ဆယ်နှစ်ခန့် သက်တမ်းရှိပုံရပြီး မွှေးကြိုင်လှသော ရနံ့နှင့် ပြင်းရှရှ အရသာမှာ သိုးသားဟင်းနှင့် အလွန်ပင် လိုက်ဖက်လှပေသည်။ တည်းခိုခန်းကတော်မှာ "ဧည့်သည်တော် သဘောကျရင်ပဲ ကျေနပ်ပါပြီ" ဟု ဆိုကာ မျက်စိမှိတ်ပြလေ၏။

သူမ၏ မျက်လုံးများမှာ ဖြားယောင်းသွေးဆောင်လိုသော အမူအရာများ ရှိနေချေပြီ။ တစ်ဖက်တွင်မူ ကောင်တာနောက်၌ စာရင်းတွက်နေသော တည်းခိုခန်းပိုင်ရှင်မှာ ဇနီးဖြစ်သူ၏ အမူအရာကို သတိမထားမိသကဲ့သို့ ရှိနေ၏။

၎င်းမှာ ရိုးသားဖြောင့်မတ်သော လူလတ်ပိုင်း အမျိုးသားတစ်ဦး၏ ပုံပန်းသဏ္ဍာန်ပင် ဖြစ်တော့သည်။

ဝမ်ချန်မှာ တည်းခိုခန်းကတော်၏ ဖြားယောင်းမှုကို လျစ်လျူရှုကာ နောက်ထပ် ငွေစနှစ်စကို စားပွဲပေါ်သို့ ပစ်တင်လိုက်ပြီး "နောက်ထပ် နှစ်အိုး ယူခဲ့ပါဦး" ဟု ဆိုကာ ရက်ရောသော သူဌေးကြီးတစ်ဦးကဲ့သို့ ပြုမူနေလေသည်။

တည်းခိုခန်းကတော်မှာ ဝမ်းသာအားရ ဖြစ်သွားကာ "ကောင်းပါပြီရှင်၊ အခုချက်ချင်း ယူလာပေးပါ့မယ်" ဟု ဆိုကာ ငွေစများကို ကျွမ်းကျင်စွာ သိမ်းဆည်းလိုက်ပြီး ဝမ်ချန်အား နောက်တစ်ကြိမ် ဖြားယောင်းသော အကြည့်ဖြင့် ကြည့်ကာ သူမ၏ တင်ပါးများကို လှုပ်ခါလျက် ထွက်သွားလေတော့သည်။

ဝမ်ချန်က လှမ်းကြည့်လိုက်ရာ ပြုံးယောင်သန်းနေသော သူ၏ မျက်နှာမှာ ရုတ်တရက် ထူးဆန်းသော အကြည့်တစ်ခုနှင့် ဆုံမိသွား၏။

၎င်းမှာ သူ၏ သမီးဖြစ်သူထံမှ ရောက်ရှိလာသော လူသတ်လိုသည့် အကြည့်ပင် ဖြစ်တော့သည်။

"ဖေဖေ... ဖေဖေက လောကကြီးအကြောင်းကို တကယ့်ကို အတွေ့အကြုံရှိတာပဲနော်"

မိန်းကလေးငယ်မှာ ပါးဖောင်းဖောင်းလေးဖြင့် "ဖေဖေ့အနေနဲ့ ဒီလို တည်းခိုခန်းကတော်မျိုးတွေနဲ့ ခဏခဏ ဆုံဖူးမှာပဲ ဟုတ်တယ်မလား" ဟု မေးလိုက်လေသည်။

"မဟုတ်ဘူး... ဖေဖေ မဆုံဖူးပါဘူး... လျှောက်မပြောနဲ့"

ဝမ်ချန်က သုံးကြိမ်တိုင်တိုင် ငြင်းဆိုလိုက်ပြီးနောက် "မြန်မြန်စားပါ၊ အေး

သွားရင် အရသာ ပျက်သွားလိမ့်မယ်" ဟု အကြောင်းပြကာ စကားဖြတ်လိုက်လေသည်။

ထိုအခါ သမီးဖြစ်သူထံမှ မျက်စောင်းကြီးတစ်ချက်ကို ဆုလာဘ်အဖြစ်ရရှိလိုက်လေတော့သတည်း။

***

# အခန်း (၁၄၉၈)
# လောကီစိတ်နှလုံးကို ပျိုးထောင်ခြင်း (၄၃)

*

ပြင်ပလောက၌ ကောင်းကင်ယံတစ်ခုလုံး မှောင်အတိကျလျက်ရှိချေပြီ။ မုန်တိုင်းက ပိုမိုပြင်းထန်လာသလို မိုးခြိမ်းသံများကလည်း တဖြဖြ မြည်ဟည်းနေတော့သည်။

ဝမ်ချန်သည် နှစ်ချို့အရက်တစ်အိုးကို သောက်သုံး၍ အဆုံးသတ်လိုက်ချိန်တွင် အရက်ဆိုင်ခန်းမအတွင်းရှိ စားပွဲဝိုင်းအားလုံး၌ လူအပြည့်ဖြစ်နေလေပြီ။

သူ၏နောက်တွင်လည်း ဧည့်သည်အုပ်စုအချို့ ထပ်မံရောက်ရှိလာကြသဖြင့် ဆိုင်အကူများမှာ မနားတမ်း အလုပ်ရှုပ်နေကြရသည်။ သို့သော် ယင်းက အစပျိုးရုံသာ ရှိသေး၏။

ဂျိမ်း...

မိုးခြိမ်းသံနှင့်အတူ ဆိုင်တံခါးမှာ ဝုန်းခနဲ ပွင့်ထွက်သွားပြီး မိုးရေထဲမှ ဇာတ်လိုက်ကျော် တစ်စု ပြေးဝင်လာကြလေသည်။

ထိုအုပ်စုတွင် လူတစ်ဒါဇင်ကျော်ပါဝင်ပြီး အများစုမှာ ဝတ်စုံကျပ်များကို ဝတ်ဆင်ထားကာ ဓားရှည်၊ ဓားလတ်များကိုယ်စီ ချိတ်ဆွဲထားကြသော်လည်း အဖြူရောင်ဝတ်စုံနှင့် လူငယ်တစ်ဦးမှာမူ အထူးတလည် ထင်ရှားနေပေသည်။

ထိုလူငယ်၏ ဘေးတစ်ဖက်တစ်ချက်တွင် ကြောက်မက်ဖွယ်ကောင်းသော ရုပ်သွင်နှင့် လူလတ်ပိုင်းတစ်ဦးနှင့် ဆံပင်မုတ်ဆိတ်ဖြူဖွေးနေသော အဖိုးအိုတစ်ဦးတို့က ရံခါလျက်ရှိသည်။

၎င်းတို့၏ ရုတ်တရက်ဝင်ရောက်လာမှုကြောင့် ဆူညံနေသော ဆိုင်ခန်းမကြီးမှာ ရုတ်ချည်း ငြိမ်သက်သွားရ၏။

ထိုနေရာတွင် ထိုင်နေသူတို့မှာ အတွေ့အကြုံနည်းပါးသူများ မဟုတ်ကြချေ။ ဤလူအုပ်စု၏ ထူးခြားသော အရှိန်အဝါကို အားလုံးက ချက်ချင်းပင် ရိပ်မိကြလေသည်။

၎င်းတို့ထံမှ သတ်ဖြတ်လိုသော အငွေ့အသက်များ ထွက်ပေါ်နေသကဲ့သို့ အချို့မှာ ဒဏ်ရာရထားဟန်တူပြီး ဆေးနံ့များပင် နံဟောင်နေတော့သည်။

ကြည့်ရသည်မှာ ထိုချောမောသောလူငယ်သည် အုပ်စု၏ ဗဟိုချက်ဖြစ်ပုံရ၏။ ခက်ထန်သောမျက်နှာထားနှင့် လူလတ်ပိုင်းက ကောင်တာနောက်ရှိ ဆိုင်ရှင်အား "ဆိုင်ရှင်... အားတဲ့အခန်းရှိသေးလား" ဟု မေးလိုက်သည်။

ဆိုင်ရှင်ကလည်း အားနာဟန်အပြည့်နှင့် "ဧည့်သည်တော်တို့ခင်ဗျာ... တကယ်ပဲ စိတ်မကောင်းပါဘူး၊ အခန်းအားလုံး ပြည့်သွားပါပြီ" ဟု ပြန်လည်ဖြေကြားလေသည်။

လူလတ်ပိုင်းက မျက်မှောင်ကြုတ်လျက် "တစ်ခန်းမှတောင် မကျန်ဘူးလား" ဟု ထပ်မေးရာ ဆိုင်ရှင်က "တကယ်ကို မရှိတော့တာပါ" ဟု အနေခက်စွာ ပြန်ပြောရှာသည်။

ထိုအခါ လူလတ်ပိုင်းက ငွေတုံးအကြီးကြီးတစ်ခုကို စားပွဲပေါ်သို့ ဝုန်းခနဲချလိုက်ပြီး "သေချာပြန်စဉ်းစားကြည့်ဦး" ဟု ဆိုလေတော့သည်။

၎င်းတို့ ဆိုင်ရှင်နှင့် စျေးစကားပြောနေစဉ် အဖြူရောင်ဝတ်စုံနှင့် လူငယ်

က ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ရှုရာ သူ၏အကြည့်မှာ ဝမ်ချန်ထံသို့ အရင်ရောက်သွားပြီးနောက် ကျန်းကျန်း ထံ၌ စွဲမြဲသွားလေသည်။

ထိုအခါ လူငယ်၏ မျက်လုံးများမှာ သိသိသာသာ တောက်ပလာတော့၏။

လူငယ်သည် ချောင်းတစ်ချက်ဟန့်ကာ ဝတ်စုံကို ပြင်ဝတ်လိုက်ပြီးနောက် ဝမ်ချန်ထံသို့ လျှောက်လာပြီး လက်ယှက်၍ ရိုသေသမှုပြုကာ "လေးစားအပ်ပါသော လူကြီးမင်း ကျွန်တော်မျိုးက ချင်းဖုန်းတောင် မှ ကျောက်ဟိုင်မင်ပါ၊ လူကြီးမင်းတို့ရဲ့ စားပွဲမှာ အတူထိုင်ခွင့်ပြုမလား" ဟု မေးလိုက်သည်။

သူသည် လောကဝတ်နှင့်အညီ ပြုံးပြလျက်ရှိရာ သူရဲကောင်းမျိုးရိုးမှ ဆင်းသက်လာသော သခင်လေးတစ်ဦး၏ အသွင်အပြင်မျိုးပင်။

ဝမ်ချန်အား ခွင့်တောင်းနေသော်လည်း ထိုလူငယ်၏ အကြည့်တို့က ကျန်းကျန်းထံသို့ မသိမသာ ရောက်နေချေသည်။ သို့သော် ကျန်းကျန်းမှာမူ စားကောင်းသောက်ကောင်းလျက် ရှိသဖြင့် ထိုသူ၏ လောကဝတ်ကို လုံးဝသတိမထားမိပေ။

ဝမ်ချန်က "မရဘူး" ဟု ပြတ်သားစွာပင် တုံ့ပြန်လိုက်သည်။

ထိုအခါ အဖြူရောင်ဝတ်စုံနှင့် လူငယ်မှာ ဆွံ့အသွားရ၏။

သူသည် မိမိ၏ ထင်ရှားသော နောက်ခံမျိုးရိုးကို ထုတ်ဖော်ပြောကြားခဲ့ပါလျက် ဝမ်ချန်ကမူ မကြားဖူးသကဲ့သို့ ပြုမူကာ မျက်နှာသာ လုံးဝမပေးချေ။

ကျောက်ဟိုင်မင်က အနေခက်စွာ ရယ်မောရင်း စိတ်ကိုထိန်းချုပ်ကာ "စိတ်မကောင်းပါဘူး... နှောင့်ယှက်မိတဲ့အတွက် တောင်းပန်ပါတယ်" ဟု ဆိုလိုက်ရသည်။

သို့သော် သူ၏မျက်ဝန်းထဲ၌ ရိပ်ခနဲဖြစ်သွားသော မကျေနပ်ချက်ကိုမူ ဝမ်

ချန်၏ ထိုးထွင်းသိမြင်မှုမှ လွတ်ကင်းအောင် မဖုံးကွယ်နိုင်ခဲ့ပေ။

ကျောက်ဟိုင်မင် လှည့်ထွက်သွားချိန်တွင် ဝမ်ချန်က သူ၏သမီးဖြစ်သူအား "ကျန်းအာ... အဖေ ဘာလို့ ဒီလူနဲ့ စားပွဲအတူမထိုင်ခိုင်းတာလဲ သိလား" ဟု ရုတ်တရက် မေးလိုက်လေသည်။

သူ၏အသံမှာ သိပ်မကျယ်သော်လည်း ဆိုင်အတွင်းရှိ လူတိုင်းကမူ ရှင်းလင်းစွာ ကြားလိုက်ရ၏။

ကျန်းကျန်းက ခေါင်းခါပြလျက် "မသိဘူး... ဘာလို့လဲ အဖေ" ဟု ပြန်မေးသည်။

ဝမ်ချန်က ပြုံးလိုက်ပြီး "ဘာလို့လဲဆိုတော့ ဒီလူက စိတ်ရင်းမမှန်လို့ပဲ" ဟု ပြောလိုက်ရာ ကျောက်ဟိုင်မင်မှာ ခြေလှမ်းအနည်းငယ် လှမ်းရုံရှိသေးသော်လည်း တုန်လှုပ်သွားပြီး ချောမောသော မျက်နှာမှာ ချက်ချင်းပင် နီမြန်းသွားတော့သည်။

ကျန်းကျန်းက ခေါင်းလေးစောင်းကာ "ဘယ်လိုမျိုးလဲ" ဟု စပ်စုပြန်သည်။ သူမကမူ တကယ်ပင် သတိမထားမိခဲ့ပေ။

ဝမ်ချန်က စိတ်ရှည်လက်ရှည်ပင် ရှင်းပြလေသည်။- "သူတို့ကိုကြည့်စမ်း... သူတို့က အားမာန်အပြည့်နဲ့ ရောက်လာကြပေမယ့် အားလုံးက ဒဏ်ရာတွေရပြီး ပင်ပန်းနွမ်းနယ်နေကြတယ်။ ဆယ်ပုံကိုးပုံကတော့ ရန်သူတွေရဲ့ လိုက်လံသတ်ဖြတ်တာကို ခံနေရလို့ ထွက်ပြေးလာကြတာပဲ ဖြစ်ရမယ်။"

"တကယ်လို့ သူတို့သာ ဖြောင့်မတ်တဲ့သူတွေဆိုရင် သူတို့ရဲ့ ရန်ငြိုးရန်စတွေကြားထဲမှာ အပြစ်မရှိတဲ့ ဘေးလူတွေကို ဘယ်တော့မှ ဆွဲမထည့်ကြဘူး။ အခု သူက ငါတို့နဲ့ အတူလာထိုင်ချင်တာဟာ တမင်သက်သက်

ရည်ရွယ်ချက်ဆိုးရှိလို့ပဲ။"

ဗြုန်း...

ဆိုင်အတွင်းရှိ ဇာတ်လိုက်ကျော်တစ်ဦးထံမှ ခစ်ခနဲ ရယ်သံထွက်ပေါ်လာသည်။ ကျောက်ဟိုင်မင်၏ မျက်နှာမှာ အနီရောင်မှ ခရမ်းရောင်သို့ ပြောင်းသွားပြီး လက်များမှာလည်း အလိုအလျောက် တုန်ယင်လာတော့၏။

သူ၏ အပေါင်းအပါများမှာလည်း ဒေါသထွက်ကုန်ကြပြီး အချို့ဆိုလျှင် လက်နက်များကိုပင် ဆွဲထုတ်လိုက်ကြသဖြင့် ဆိုင်ခန်းမအတွင်းရှိ အခြေအနေမှာ တင်းမာသွားရသည်။

သို့သော် ကျန်းကျန်းမှာမူ မည်သည့်အရာကိုမျှ သတိမပြုမိသည့် ရိုးသားသော မိန်းကလေးတစ်ဦးကဲ့သို့ မျက်လုံးလေးဝိုင်းကာ မေးပြန်သည်။ "အဖေ... ဒါဆို သူက ဘာလို့ တခြားသူတွေကို မရွေးဘဲ ငါတို့နှစ်ယောက်ကိုပဲ ရွေးရတာလဲ"

"ဘာလို့လဲဆိုတော့ တခြားသူတွေက လှည့်စားဖို့မလွယ်မှန်း သိသာနေလို့ပဲ၊ ငါတို့ကတော့ သားအဖနှစ်ယောက်တည်း ဖြစ်နေသလို သမီးကလည်း လောကအတွေ့အကြုံ မရှိသေးတဲ့သူ ဖြစ်နေလို့ပေါ့" ဟု ဝမ်ချန်က ရှင်းပြလိုက်သည်။

"ငါတို့နှစ်ယောက်လုံးကို ပတ်သက်အောင်လုပ်ဖို့ လွယ်ကူသလို သူက သမီးကိုလည်း ပစ်မှတ်ထားထားတာ အသေအချာပဲ။"

ဝမ်ချန်၏ အသံမှာ ဆိုင်ခန်းမအတွင်း ပဲ့တင်ထပ်သွားပြီး ထိုမြင်ကွင်းကို ပို၍ပင် အနေခက်စေတော့သည်။

တစ်ယောက်ထက်မကသော လူများမှာ မအောင့်နိုင်ဘဲ ရယ်မောမိကြ၏။ အမှန်စင်စစ် ကျောက်ဟိုင်မင်၏ မရိုးသားသော ရည်ရွယ်ချက်မှာ

အတွေ့အကြုံရှိသူများအတွက် သိသာထင်ရှားလှပေသည်။

သို့သော် ထိုကဲ့သို့ ကိစ္စမျိုးကို ဗူးပေါ်သလိုပေါ်အောင် ဖွင့်ချလိုက်ခြင်းမှာ ဇာတ်လိုက်လောက၏ ယဉ်ကျေးမှုနှင့် ဆန့်ကျင်နေသဖြင့် ဝမ်ချန်က သမီးဖြစ်သူကို ဆုံးမရန်အတွက် ကျောက်ဟိုင်မင်အား လူပုံအလယ်တွင် ယခုကဲ့သို့ အရှက်ခွဲလိမ့်မည်ဟု မည်သူမျှ မထင်မှတ်ထားခဲ့ကြချေ။

ယင်းက အထင်အရှားပင် အရှက်ခွဲခြင်းဖြစ်ပေရာ ကျောက်ဟိုင်မင်၏ မျက်နှာမှာ ပဲငပိရည်ကဲ့သို့ အနီ၊ အခရမ်း၊ အမည်း ရောင်စုံပြောင်းလျက် ဒေါသကြောင့် တုန်ရီနေတော့သည်။

ထိုအခါ ဆံပင်ဖြူအဖိုးအိုက စိတ်မထိန်းနိုင်တော့ဘဲ "မင်းက ဘယ်လောက်တောင် ရဲတင်းနေတာလဲ" ဟု အော်ဟစ်လိုက်လေသည်။ သူက ဝမ်ချန်အား သင်ခန်းစာပေးရန် ရှေ့သို့ တိုးလာစဉ် ကျောက်ဟိုင်မင်က တားဆီးလိုက်၏။

ဤချင်းဖုန်းတောင်မှ သူရဲကောင်းလူငယ်လေးမှာ အသက်ကို ပြင်းပြင်းရှူကာ အတင်းအကျပ် ပြုံးပြလျက် "လူကြီးမင်းက ကျွန်တော့်အပေါ် တော်တော်လေး အထင်လွဲနေတာပဲ... ကျွန်တော်က စိတ်စေတနာနဲ့ လာခဲ့တာပါ" ဟု ဆိုသည်။

သူ၏ အောင့်သက်သက် ဟန်ဆောင်မှုကို ကြည့်၍ အချို့က သနားစိတ်ပင် ဝင်မိကြသည်။ ဝမ်ချန်၏ အရှက်ခွဲမှုမှာ အနည်းငယ် လွန်ကဲသည်ဟု ထင်မှတ်ကြ၏။ သို့သော် ဝမ်ချန်ကမူ "ကျန်းအာ... တွေ့လား၊ တစ်ယောက်က လူဆိုးလုပ်ပြီး တစ်ယောက်က လူကောင်းလုပ်ပြနေတာ၊ တကယ့် ပြဇာတ်ကြီးပါပဲလား" ဟု မှတ်ချက်ပြုလိုက်ပြန်သည်။

"ဟားဟားဟား... "

ထိုအခါ လူအများအပြားမှာ မအောင့်နိုင်တော့ဘဲ ဝုန်းဒိုင်းကြဲကာ ရယ်မောကုန်ကြတော့သည်။ အဘယ်ကြောင့်ဆိုသော် ဆံပင်ဖြူအဖိုးအိုနှင့် ကျောက်ဟိုင်မင်တို့၏ မျက်နှာပေးမှာ ဝမ်ချန်ပြောသကဲ့သို့ တကယ်ပင် ရယ်စရာကောင်းနေသောကြောင့်ပင်။

"လူကြီးမင်းရဲ့ အမည်ကို သိပါရစေ"

ထိုအချိန်တွင် လူလတ်ပိုင်းက ဝမ်ချန်၏ ရှေ့သို့ လှမ်းလာပြီး ကျောက်ဟိုင်မင်၏ အမြင်ကို ပိတ်ဆို့ထားကာ "ဒါမှမဟုတ် လူကြီးမင်းနဲ့ ကျွန်တော်တို့ ချင်းဖုန်းတောင်နဲ့ ရန်ငြိုးများ ရှိနေလို့လား" ဟု မေးမြန်းလိုက်သည်။

"ချင်းဖုန်းတောင်ဆိုတာ ဘာလဲ ငါမကြားဖူးဘူး" ဟု ဝမ်ချန်က အရက်ပန်းကန်ကို မြှောက်ကာ အေးဆေးစွာပင် ပြန်ဖြေလိုက်၏။

"ငါက ငါ့ကို မနှောင့်ယှက်ရင် ဘယ်သူ့ကိုမှ မနှောင့်ယှက်ဘူး၊ မင်းတို့ ဘာသာမင်းတို့ ပြဿနာရှာပြီး အရှက်ကွဲရတာကတော့ ဘယ်သူ့ကိုမှ အပြစ်မတင်နဲ့တော့။"

လူလတ်ပိုင်း၏ မျက်လုံးများမှာ ခက်ထန်သွားပြီး သူ၏ လက်ချောင်းများကို လက်သည်းခွံသဏ္ဌာန် ပြုလုပ်ကာ ဝမ်ချန်ထံသို့ လျင်မြန်စွာ လှမ်းထိုးလိုက်လေသည်။

သို့သော် သူ၏ လင်းယုန်လက်သည်းမှာ ဝမ်ချန်အား မထိတွေ့မီမှာပင် သူ၏ ကိုယ်ခန္ဓာမှာ လျှပ်စီးအပစ်ခံရသကဲ့သို့ နောက်သို့ လွင့်ထွက်သွားတော့၏။

သူသည် အငိုက်မိနေသော ကျောက်ဟိုင်မင်နှင့် အရင်တိုက်မိပြီးနောက် နောက်လိုက်အုပ်စုနှင့်အတူ တစ်လိပ်ကြီး လိမ့်ကျသွားလေတော့သည်။

၎င်းတို့မှာ အထိနာသွားကြချေပြီ။

ကျန်းကျန်းမှလွဲ၍ ထိုနေရာရှိ လူအားလုံးမှာ ဝမ်ချန် မည်သို့ လှုပ်ရှားလိုက်သည်ကို မမြင်လိုက်ကြရပေ။ သို့သော် ဝမ်ချန်သည် ၎င်းတို့ မယှဉ်နိုင်သော ထူးချွန်ထက်မြက်သည့် ပညာရှင် တစ်ဦးဖြစ်ကြောင်းကိုမူ အားလုံးက အသေအချာ သိလိုက်ကြရ၏။

ဘေးလွတ်နေသော ဆံပင်ဖြူအဖိုးအိုမှာ အံ့အားသင့်ကာ တုန်တုန်ယင်ယင်နှင့် "မဟာ... မဟာပါရဂူသခင် လား" ဟု မေးလိုက်သည်။ မွေးရာပါနယ်ပယ် ကို ရောက်ရှိနေသော မဟာပါရဂူသခင်မှလွဲ၍ မည်သူက ဤမျှ အံ့ဩဖွယ်ကောင်းသော စွမ်းရည်မျိုး ရှိနိုင်ပါအံ့နည်း။

ဝမ်ချန်သည် အရက်ကို တစ်ငုံတည်း မော့လိုက်ပြီးနောက် "ထွက်သွားကြတော့" ဟု မြွက်ဟလိုက်သည်။ ထိုအခါ ဆံပင်ဖြူအဖိုးအိုမှာ တုန်လှုပ်သွားပြီး ခြေလှမ်းနှစ်လှမ်း နောက်သို့ ဆုတ်လိုက်ရကာ သူ၏ နှာခေါင်း၊ မျက်လုံး၊ နားနှင့် ပါးစပ်တို့မှ သွေးများ ယိုစီးလာတော့၏။

သူသည် မြေပြင်ပေါ်မှ ကျောက်ဟိုင်မင်ကို ဆွဲထူကာ "သွားကြစို့" ဟု တိုးတိုးလေး ဆိုလိုက်ရလေသည်။

အရှိန်အဝါ အားကောင်းမောင်းသန်နှင့် ရောက်လာသော အုပ်စုမှာ ယခုမူ အရှက်တကွဲနှင့် ပြန်လည် ထွက်ခွာသွားကြရချေပြီ။

***